Government of **Western Australia**
Department of **Local Government and Communities**
Office of **Multicultural Interests**

**အနောက်သြစတြေးလျားပြည်နယ်မှ ကြိုဆိုပါသည်။**

သြစတြေးလျားနိုင်ငံ၌ အနောက်သြစတြေးလျားပြည်နယ်သည် ထွေပြားခြားနားမှု အများဆုံးရှိသော ပြည်နယ်များအနက် တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့၏လူဦးရေ သုံးပုံတစ်ပုံ (၃၁%) နီးပါးမှာ နိုင်ငံခြား၌မွေးဖွားသူများဖြစ်ကြသည်။ လူဦးရေတစ်ဝက်ကျော် (၅၂%)တွင် အနည်းဆုံးမိဘတစ်ဦးမှာ နိုင်ငံခြား၌မွေးဖွားပြီး၊ လေးပုံသုံးပုံ (၇၅%) မှာ ၎င်းတို့၌ သြစတြေးလျားနိုင်ငံသား မဟုတ်သော မျိုးရိုးနွယ်ရှိကြသည်ဟု သဘောထားကြပါသည်။။ လူဦးရေ၏ ၁၅%သည်၊ အင်္ဂလိပ်စကားအပြင် အိမ်တွင်း၌ အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားတစ်ခုကို ပြောဆိုကြပါသည်။

အနောက်သြစတြေးလျားတွင် နိုင်ငံပေါင်း ၂၀၀ ကျော်မှ လူများနေထိုင်ကြပြီး၊ (တိုင်းရင်းသား အဘော်ရီးဂျင်နယ် နှင့် တောရယ့်စ် စထရိတ်ကျွန်းစကားများ ၅၀ခန့်အပါအဝင်) ဘာသာစကားများနှင့် ဒေသိယစကားပေါင်း ၂၇၀ ခန့် ပြောဆိုကြပါသည်။ အနောက်သြစတြေးလျား ပြည်နယ်သားများသည် ဘာသာပေါင်း ၁၃၀ ကျော် ကိုးကွယ်ကြပါသည်။

ဗြိတိသျှနိုင်ငံ၊ ဥရောပ၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသမှ လူများနှင့်  များမကြာမီက တောင်အာရှနှင့် အာဖရိကမှ လူများလည်း အနောက်သြစတြေးလျား၌ အခြေချလာကြပြီး၊ ကွဲပြားခြားနားမှုများကို လေးစားလျက်၊ သင့်တင့်ညီညွတ် သဟဇာတရှိလူ့ဘောင် တစ်ခုကို ဖန်တီးထားကြပါသည်။

သင့်အနေနှင့် ကျွန်ုပ်တို့၏ ကြီးမြတ်သောပြည်နယ် လူ့ဘောင်၏ လူမှုရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ အပိုင်းကဏ္ဍများ အားလုံးတွင် ပူးပေါင်းပါဝင်နိုင်ရန် အထောက်အကူဖြစ်စေရေးအတွက် ကျယ်ပြန့်စုံလင်သော သတင်းအချက်အလက်များနှင့် အမှီအငြမ်းများကို ဤဝက်ဘ်ကွန်ယက်၌ဖော်ပြထားပါသည်။ ဤဝက်ဘ်ဆိုက်သည် သင့်အား ကျွန်ုပ်တို့ ပြည်နယ်၏ ထွေပြားခြားနားမှုများနှင့် ယင်း၏အကျိုးကျေးဇူး များအတိုင်းအတာ အပေါ်လည်း နှစ်ခြိုက်စေပါလိမ့်မည်။

**ယဉ်ကျေးမှုပေါင်းစုံရေးရာ အကျိုးဆောင်ရုံး (The Office of Multicutural Interests)** (OMI)

ယဉ်ကျေးမှုပေါင်းစုံရေးရာ အကျိုးဆောင်ရုံး သည် ဒေသန္တရအစိုးရ နှင့် လူမှုအဖွဲ့ အစည်းဌာန(Department of Local Government and Communities)၏ ဌာနစိတ်တစ်ခုဖြစ်ပါသည်။ OMI သည် ယဉ်ကျေးမှု၊ ဘာသာစ ကား နှင့် ကိုးကွယ်သည့်ဘာသာတို့၏ ထွေပြားမှုများ နောက်ခံရှိကြသော အနောက်သြစတြေးလျားပြည်နယ်သားများအတွက် ယဉ်ကျေးမှုပေါင်းစုံ ကို ချီးမြှင့်ပေးပြီး ဝန်ဆောင်မှုများအား တိုးတက်ကောင်းမွန်စေသော ပြည်နယ်အစိုးရဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ခံအားပေးပါသည်။

အစိုးရဌါနများ၊ ဒဗျူအေ (WA) လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကအပိုင်းများအတွင်း၊ စုပေါင်းလုပ်ကိုင်မှုကြောင့် ပိုမိုပါ ဝင်မှုနှင့် ကုန်ထုတ်စွမ်းအား ပိုတက်စေသည့် လူ့ဝန်းကျင် ဖြစ်စေရေးအတွက် OMI က ယဉ်ကျေးမှုပေါင်းစုံဝါဒီကို ဖန်တီးပေးပါသည်။

ကျွန်ုပ်တို့၏ Strategic Plan 2014–18 (၂၀၁၄-၁၈ ခုနှစ်ကာလပိုင်းအတွက် ဗျူဟာစီမံကိန်း)သည် အောက်ပါရည်မှန်းချက်များ အပေါ် အာရုံစူးစိုက်ထားပါသည်။

- ယဉ်ကျေးမှုထွေပြားသော လူ့အသိုင်းအဝိုင်းလုပ်ဆောင်နိုင်မှု ခိုင်မာလာစေခြင်း
- ယဉ်ကျေးမှုအစုံ ပါဝင်စေသော မူဝါဒများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများ၊ ဖွံ့ဖြိုးဖြစ်မြောက်ရန် ထောက်ပံ့ခြင်း။
- ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော လူမှုအဖွဲ့အစည်းများအနေနှင့် လူမှုရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှုနှင့် လူမှုဆိုင်ရာဆောင်ရွက်မှုများတွင် တင်းပြည့်ကျပ်ပြည့် ပါဝင်ဆင်နွဲနိုင်ကြရေးကို ပံ့ပိုးပေးခြင်း။
- ယဉ်ကျေးမှု မတူသူများအတွင်း နားလည်မှုဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အနောက်သြစတြေးလျားပြည်နယ်ရှိ ယဉ်ကျေးမှု ကွဲပြားမှုများ၏ အကျိုးကျေးဇူးများကို အများအား ပိုသိစေခြင်း။

OMI အနေနှင့် နိုင်ငံသား (နိုင်ငံသားခံယူခြင်း)၊ ပြည်ဝင်ခွင့် ဗီဇာ သို့မဟုတ် လူဝင်မှုရေးရာများအတွက် တာဝန်မရှိပါ။ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် သြစတြေးလျားနိုင်ငံသားခံယူရေး အချက်အလက်များအတွက်၊ ကျေးဇူးပြု၍ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်နမိတ်ကာကွယ်ရေး ဌာနကို ၁၃ ၁၈ ၈၁ ၌ဆက်သွယ်ပါ၊ သို့မဟုတ် www.immi.gov.au ၌ကြည့်ပါ။

## ကျွန်ုပ်တို့၏ မူဝါဒများနှင့် အစီအစဉ်များ

### *ဘာသာစကားဆိုင်ရာဝန်ဆောင်မှုများ*

Western Australian Language Services Policy 2014 (အနောက်သြစတြေးလျား ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုဝါဒ ၂၀၁၄) သည်၊ အင်္ဂလိပ်စာ အကူအညီလိုအပ်နေကြသူများအနေဖြင့် ဝန်ဆောင်မှုများနှင့် အစီအစဉ်များအား ရယူရာ၌ ဘာသာစကားကြောင့် အဟန့်အတားမဖြစ်စေရေး သေချာမှုရှိစေရန်အတွက် ရည်ရွယ်ထားသော အနောက်သြစတြေးလျားအစိုးရ မူဝါဒတစ်ရပ်ဖြစ်ပါသည်။ အနောက်သြစတြေးလျားရှိ လူအများ (ဥပမာအားဖြင့်၊ အချို့အဘော်ရီးဂျင်နယ် နှင့် တောရယ့်စ်ထရိတ်ကျွန်းသားများ၊ နိုင်ငံရပ်ခြားမှ ပြောင်းလာသူများ၊ နားမကြားသူများ၊ နားကြားချို့တဲ့သူများ) သည် ထိရောက်စွာ ပြောဆိုဆက်ဆံရန် ကူညီမှုလိုအပ်ပါသည်။

သင့်အနေနှင့် အစိုးရရုံးတစ်ခုသို့သွားကာ အင်္ဂလိပ်စကားနှင့် ပြောဆိုဆက်ဆံရန် အကူအညီလိုအပ်ပါက၊ သင့်အတွက် အခမဲ့စကားပြန်ရရှိရန် တောင်းဆိုနိုင်ပါသည်။ သင့်ထံ၌ အနောက်သြစတြေးလျားစကားပြန်ကတ်ပြားရှိပါက၊ သင့်ဘာသာစကားအတွက် စကားပြန်ရရန်၊ အထောက်အကူ ဖြစ်စေပါသည်။ ဤကတ်ပြားများကို harmony@omi.wa.gov.au သို့ အီးမေးလ် ပို့ပေးခြင်းအားဖြင့် ရရှိနိုင်ပါသည်.

ဒဗျူအေ ဘာသာစကားဆိုင်ရာ ဝန်ဆောင်မှုများမူဝါဒ အကြောင်းကို ပိုမိုသိလိုပါက ဤဝက်ဘ်ကွန်ယက်တွင် What we do အပိုင်းအောက်တွင်တွေ့ရှိနိုင်ပါသည်။ အခြားဘာသာစကားများစွာဖြင့် အချက်အလက်စာရွက်များကိုလည်း ပြသထားပါသည်။

### *လူ့အသိုင်းအဝိုင်းထောက်ပံ့မှုများ အစီအစဉ်* (**Community Grants Program**) (**CGP**)

လူ့အသိုင်းအဝိုင်းထောက်ပံ့မှုရန်ပုံငွေများအစီအစဉ် သည် ယဉ်ကျေးမှုကွဲပြားသည့် လူ့အ သိုင်းအဝိုင်းများ၏ အစွမ်းအစများကို အားဖြည့်ပေးပြီး၊ ယဉ်ကျေးမှုအားလုံးပါဝင်စေသည့် မူဝါဒများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးကို ချီးမြှင့်အားပေးသည့် စီမံဆောင်ရွက်မှုလုပ်ငန်းများနှင့် လှုပ်ရှားမှုများအတွက် ငွေကြေးပံ့ပိုးပါသည်။ CGP ထောက်ပံ့ကြေးများ အရ ယဉ်ကျေးမှု မတူကြသူများအကြား ပိုမိုနားလည်လာစေရေးနှင့် ဒဗျူအေရှိ ယဉ်ကျေးမှု ကွာခြားခြင်း၏ အကျိုးကျေးဇူးအမြောက်အမြား ကို တိုးမြှင့်အားပေးရန်လည်း ရည်ရွယ်ပါသည်။

ဒဗျူအေ၌ အခြေပြုထားသော အကျိုးအမြတ်ရရန်အတွက်မဟုတ်သော အဖွဲ့များနှင့် မှတ်ပုံတင်ထားသော လူ့အသိုင်းအဝိုင်း အဖွဲ့အစည်းများအနေနှင့် ယင်းထောက်ပံ့ရန်ပုံငွေကို လျှောက်နိုင်ပါသည်။ တစ်နှစ်လျှင်နှစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် တစ်ကြိမ်နှင့် စက်တင်ဘာလတွင် တစ်ကြိမ် ရန်ပုံငွေ ထုတ်ပေးပါသည်။ CGP ၌ထောက်ပံ့ ငွေပေးမှုလေးမျိုးလေးစားရှိပြီး၊ ယင်းတို့မှာ အသေးစား ဆောင်ရွက်မှု စီမံကိန်းများ (ဒေါ်လာ ၅၀၀၀ မှ ဒေါ်လာ ၂၀၀၀၀)၊ အကြီးစား အစီအစဉ်များ (ဒေါ်လာ ၂၀၀၀၀ မှ ဒေါ်လာ ၅၀၀၀၀)၊ လူမှုအဖွဲ့အစည်း ကျင်းပပွဲများ (ဒေါ်လာ ၂၀၀၀၀) နှင့် အခမ်းအနားများနှင့် ဆောင်ရွက်လှုပ်ရှားမှုများ (ဒေါ်လာ ၅၀၀၀ အထိ) တို့ဖြစ်ပါသည်။

အချက်အလက်များကို ပိုမိုသိရှိရန်၊ OMI Grants Officer ထောက်ပံ့ကြေးရန်ပုံငွေအရာရှိအား grants@omi.wa.gov.au အီးမေးလ်လိပ်စာ၌ ဆက်သွယ်ပါ။
လမ်းညွှန်မှုများနှင့် လျှောက်လွှာပုံစံများကို ဤဝက်ဘ်ဆိုက်ရှိ the Grants အပိုင်း အောက်တွင် တွေ့ရှိနိုင်ပါသည်။

### အမှီအခြမ်းများနှင့် ပုံနှိပ်ထားမှုများ

အမျိုးစုံလင်သော အမှီအခြမ်းများနှင့် ပုံနှိပ်ထားမှုများ၊ များပြားစွာကို OMI ကွန်ယက်အောက်ရှိ Diversity information နှင့် Resources အပိုင်းများတွင် ရရှိနိုင်ပါသည်။ ယင်းတို့တွင် ဒဗျူအေ၏ ယဉ်ကျေးမှု ထွေပြားမှု စာရင်းဇယား၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့်ဘာသာ အချက်အလက်စာစောင်များနှင့် ပညာပေးပစ္စည်းအရာများပါဝင်ပါသည်။ ယင်းတို့တွင် အစိုးရဌာနများနှင့် လူမှုအဖွဲ့အစည်း အသင်းအဖွဲ့များတို့နှင့်လည်း ချိတ်ဆက်မှုကို ပြသထားပါသည်။

*အနောက်သြစတြေးလျားပြည်နယ်ရှိ ဝန်ဆောင်မှုများနှင့် ဆက်သွယ်ရေးရာ လမ်းညွှန်*

ဒဗျူအေ ရှိ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွါးရေးလုပ်ငန်း အဖွဲ့အစည်းများမှရရှိနိုင်သော ဝန်ဆောင်မှု အများအပြားကို သင့် အနေနှင့် ရှာဖွေရာ၌ ခက်ခဲနိုင်ပါသည်။ Directory of services and contacts in Western Australia (အနောက်သြစတြေးလျားပြည်နယ်ရှိ ဝန်ဆောင်မှုများနှင့် ဆက်သွယ်ရေးရာ လမ်းညွှန်)သည် အိမ်ရာ၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ ကလေးထိန်းနှင့် ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများနှင့် စပ်ဆိုင်သည့် အရေးကြီးသော အပိုင်းကဏ္ဍများ ၏ အဓိကအကြောင်းအချက်များနှင့် ဆက်သွယ်ရန် အသေးစိတ်များကို ဖော်ပြထားသည့်အပြင်၊ ဗဟိုအစိုးရ၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများ ဆိုင်ရာ နောက်ခံအကြောင်းအချက်များကိုလည်း ဖော်ပြထားပါသည်။ ဤလမ်းညွှန်ကို ဝက်ဘ်ဆိုက်၏ Contact directories (*ဆက်သွယ်ရေးရာ လမ်းညွှန်*) အပိုင်းအောက်တွင် တွေ့ရှိနိုင်ပါသည်။

## *အခြေချခြင်းနှင့် စပ်ဆိုင်ရာ ဝန်ဆောင်မှုများ စာရင်း*

Settlement Services Catalogue (အခြေချခြင်းနှင့် စပ်ဆိုင်ရာ ဝန်ဆောင်မှုများ စာရင်း)၌ ဒဗျူအေတွင် ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားသော နောက်ခံရှိကြသူများ (CaLD) အတွက် ရရှိနိုင်သည့် အခြေချခြင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် အစီအစဉ်များ၏ အချက်အလက်များကို ဖော်ပြထားပါသည်။ ယင်းသို့ စာရင်းပြုထားပေးခြင်း၏ ရည်ရွယ်ချက်မှာ အဖွဲ့အစည်းပေါင်း မြောက်မြားစွာ၏ အကြောင်းအချက်များအားလုံးကို တစ်နေရာတည်း၌ စုစည်းပေးထားရန်ဖြစ်ပါသည်။ သင်သည် အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို အောက်ပါအတိုင်း ပိုင်းခြား တွေ့ရှိနိုင်ပါသည်။

- လူမှုရေးပိုင်း ပါဝင်မှုများ
- ပညာရေး
- အလုပ်အကိုင်
- မိသားစုနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့
- ကျန်းမာရေး
- အိမ်ရာ
- တရား၊ ဥပဒေရေးရာ
- ဘာသာစကားဝန်ဆောင်မှုများ
- ခရီးသွားလာရေး

သင့်အနေဖြင့် တည်နေရာ အရလည်းရှာကြည့်နိုင်ပါသည်။ အချို့အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို ပြည်နယ်တစ်ဝန်း ရရှိနိုင်သဖြင့်၊ ယင်းအစီအစဉ်များနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ရာ အကောင်းဆုံးနေရာ၏ နောက်ထပ်အချက်အလက်များအတွက်၊ ရုံးဌာနကို ကျေးဇူးပြု၍ တိုက်ရိုက်ဆက်သွယ်မေးမြန်းပါ။ ဤလမ်းညွှန်ကိုဝက်ဘ်ဆိုက်၏ Contact directories (*ဆက်သွယ်ရေးရာလမ်းညွှန်*) အပိုင်းအောက်တွင် တွေ့ရှိနိုင်ပါသည်။

တန်းတူအခွင့်အရေးခံစားမှု

အနောက်သြစတြေးလျားပြည်နယ်သည် လူအားလုံးပါဝင်စေသည့် လူ့အဖွဲ့အစည်းဖြစ်သည့် အတွက် ခွဲခြားဆက်ဆံမှုကို လက်သင့်မခံပြီး *အနောက်သြစတြေးလျားတန်းတူ အခွင့်အရေး အက်ဥပဒေ ၁၉၈၄* က ခွဲခြားဆက်ဆံမှုသည် တရားမဝင်ကြောင်းကိုပြဌာန်းထားပါသည်။ အကြံဉာဏ်လိုပါက အနောက်သြစတြေးလျားပြည်နယ်တန်းတူ အခွင့်အရေးခံစားမှုဆိုင်ရာ ကော်မရှင်မင်းကြီး www.eoc.wa.gov.au ထံတွင်ရယူနိုင်ပါသည်။ လူမျိုးရေးအရ ခွဲခြားမှုဖြစ်ရပ်များရှိပါက၊ ကျေးဇူးပြု၍ ဒဗျူအေရဲထောက်ပံ့မှုဌာန WA Police Assistance Centre မှတဆင့် ၁၃၁ ၄၄၄ ၌ ဖုန်းဆက်၍တိုင်တန်းပါ။

တုံ့ပြန်သဘောထားချက်များကို ကြိုဆိုပါသည်။

လူ့အသိုင်းအဝိုင်းမှ ပေးသော တုံ့ပြန်သဘောထားချက်များကို OMI မှ ကြိုဆိုပါသည်။ သင့်တွင် အနောက်သြစတြေးလျား၌ ယဉ်ကျေးမှုထွေပြားခြင်းနှင့် ပတ်သက်၍အရေးကြီးသောကိစ္စရပ်ကို ဆွေးနွေးလိုပါက သို့မဟုတ် မေးမြန်းလိုသည်များတို့ရှိပါက၊ ကျွန်ုပ်တို့၏ သတ်မှတ်ပိုင်းခြားထားသော Harmony အီးမေးလ် harmony@omi.wa.gov.au သို့ ရေးသားပေးပို့ပါ။ ကျွန်ုပ်တို့၏ Events Calendar (အခမ်းအနားများ ပြက္ခဒိန်)တွင် ထည့်သွင်းပေးရန် သင်၏ ကြေညာချက်များအား ပေးပို့ခြင်းကို ကျွန်ုပ်တို့အနေနှင့် ကြိုဆိုပါသည်၊ သို့အားဖြင့် သင်၏ အမြတ်ရှိရေးအတွက် မဟုတ်သော အခမ်းအနားများကို လူအများသိ ကြေညာပေးရန် ကျွန်ုပ်တို့အနေနှင့် သင့်အား ကူညီနိုင်ပါမည်။ အခမ်းအနားတစ်ခုအားမည်ကဲ့သို့ တင်ပြအကြောင်းကြားရမည့် အချက်အလက်ကို Events Calendar (အခမ်းအနားများ ပြက္ခဒိန်)၏ ဝက်ဘ်ဆိုက် စာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

OMI မှ ရှေ့ဆောင်၍ဆောင်ရွက်ပေးမှုများနှင့် အစီအစဉ်များအကြောင်းကို ပိုမိုသိရှိရန်၊ အောက်ပါ၌ ကျေးဇူးပြု၍ ဆက်သွယ်ပါ။


Office of Multicultural Interests

Department of Local Government and Communities

(ဒေသန္တရအစိုးရနှင့် လူမှုအဖွဲ့အစည်းဌာန)
140 William Street
Perth 6000

တယ်လီဖုန်း။ (၀၈) ၆၅၅၁ ၈၇၀၀ ဖက်စ်။
(၀၈) ၆၅၅၂ ၁၅၅၅
အီးမေးလ်။ harmony@omi.wa.gov.au
ဝက်ဘ်ဆိုက်။ www.omi.wa.gov.au